ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

## ကျောက်ကြီးမြို့နယ်

(၂၀၁၈)ခုနှစ်

ပတ္တလားအုပ်စု ပေါက်သတောကျေးရွာ

## မာတိကာ

၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ(အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီ၏ အမည်များရေးရန်)

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

(၂-၃ပုံ ထက်မများရ)

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။အစည်းအဝေးမှတ်တမ်းများ

၁၂။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## မြို့နယ်မြေပုံ



# ပေါက်သတောကျေးရွာတည်နေရာပြမြေပုံ



**ပတ္တလားကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများ**

| စဉ် | ကျေးရွာအမည် |
|---|---|
| ၁။ | ပတ္တလားကျေးရွာ |
| ၂။ | ကြိမ်တောမြောင်ကျေးရွာ |
| ၃။ | အုတ်မြေဒူးကျေးရွာ |
| ၄။ | ပေါက်သတောကျေးရွာ |
| ၅။ | ထိပ်ပေါက်ကျေးရွာ |

# ပေါက်သတောကျေးရွာသမိုင်းကြောင်း

## ကျေးရွာစတင်ချိန်နှင့်စတည်ပုံ

ပေါက်သတောကျေးရွာသည် ရှေးအခါက တောထူထပ်သောအရပ်ဖြစ်ပြီး ချောင်းနှင့်အင်း အိုင်တို့ဝန်းရံလျှက်ရှိသော ဒေသတစ်ခုဖြစ်သည်။ မုဆိုးများအမဲလိုက်ရာ၌ အင်းအိုင်အနားတွင် မှီခို လျှက်ရှိကြသည်။ တောင်ပေါ်ဒေသ၌ နေထိုင်ကြသောသူများတချို့လည်း ၎င်းဒေသသို့လာရောက် ဖြတ်သန်းကာ မှီခိုရာကောင်းသောဒေသတစ်ခုအနေဖြင့် အသိအမှတ်ပြုတွေ့ရှိလာကြသည်။ ၎င်း ဒေသသည် အသားငါးရှာဖွေရန် လွယ်ကူသော အရပ်ဒေသတစ်ခုအဖြစ်လည်းတွေ့ရှိလာကြသည်။

၁၈၅၇ခုနှစ်ပတ်ဝန်းကျင်၌ တောင်ပေါ်ဒေသတွင်နေထိုင်ကြသော ဦးသာကျူး၊ဦးမောင်ခိုင်၊ ဦးလုမောင်၊ဦးကျင်ရတို့သည် တိုင်းပြည်မငြိမ်သက်မှုကြောင့် တောင်ပေါ်အရပ်တွင် နေထိုင်ရန် အခက်အခဲနှင့် ကြုံတွေ့လာကြသဖြင့် ၎င်းဒေသသို့ ရွှေ့ပြောင်းလာရောက်နေထိုင်ကြသည်။ သူတို့ သည် အတူတကွနေထိုင်ကြပြီး တောင်ယာခုတ်ထွင်စိုက်ပျိုးခြင်း၊သားငါးရှာဖွေစားသောက်ခြင်းဖြင့် အသက်မွေးကာ နေထိုင်ကြသည်။ ကရင်ရိုးရာအယူအဆအရ မိမိအခြေချနေထိုင်မည့်နေရာကို ကြက်ရိုးဖြင့် ကာလချိုးကြပြီး ဦးသာကျူးနှင့် ဦးမောင်ခိုင်တို့သည် ရွာ၏အထက်ပိုင်းတွင် လည်းကောင်း ဦးကျင်ရနှင့် ဦးလုမောင်တို့သည် ရွာ၏အလယ်ပိုင်းနှင့် အောက်ပိုင်းတွင် အိုးအိမ် တည်ဆောက်ကာ အခြေပြုနေထိုင်ကြသည်။

ထိုသူတို့သည် ၎င်းဒေသတွင်ရှိသော အင်းအိုင်များ၌ သားငါးများပေါများသည်ကို တွေ့ရှိ ရသည်။ သီးနှံစိုက်ပျိုးရေးအတွက်လည်း အခြေပြုနေထိုင်ရန် သင့်တော်သော ဒေသတစ်ခုအဖြစ် တွေ့ရှိကြပြီး ၎င်းဒေသတွင် အတည်တကျနေထိုင်ရန် ဆုံးဖြတ်ပြီး နေထိုင်ခဲ့ကြသည်။ သူတို့ နေထိုင်သောအရပ်သည် အစစအရာရာပေါများကြွယ်ဝသဖြင့် (ပေါကတော) ဟုမှည့်ခေါ်ကြသည်။ ပေါကတော၏ အဓိပ္ပါယ်မှာ အရာအားလုံးပြည့်စုံခြင်း ဟူ၍ ဖြစ်သောကြောင့် ထိုဒေသရှိအင်းအား ပေါထတောအင်းဟုမှည့်ခေါ်ကြကာ ဒေသနာမည်တစ်ခု ဖြစ်လာသည်။ အချိန်ကာလ ရွေ့လျား သည်နှင့်အမျှ ပေါကတောမှ ပအောတောအဖြစ်သို့ နာမည်တွင်လာသည်။ ၎င်းရွာ၏ပတ်ဝန်းကျင်၌ ဗမာလူမျိုးများလည်း တစ်စတစ်စလာရောက်နေထိုင်လာကြကာ ဗမာလူမျိုးတို့က ပအောတောကို ပေါက်သတောအဖြစ်သို့ မှည့်ခေါ်ခဲ့ကြပြီး ယနေ့အထိ ပေါက်သတောကျေးရွာကို ကရင်လို ပအောတောနှင့် ဗမာလို ပေါက်သတောရွာအဖြစ် ယနေ့ထိတိုင် တွင်ရစ်ခေါ်လာကြသည်။

နှစ်အတော်ကြာလာသောအခါ ရွာအလယ်ပိုင်းတွင်နေထိုင်ကြသော ဦးကျင်ရတို့သည် အရပ်တစ်ပါးသို့ ပြောင်းရွှေ့နေထိုင်သွားကြရာမှ မိမိတို့နှင့် ဆက်နွယ်လာကြသော ဦးအောင်သာ၊ ဦးလယ်ဂေါ်၊ဦးအောင်မြတို့လာရောက်နေထိုင်လာကြသည်။၎င်းနောက်အိမ်ခြေများပေါများလာကာ

အိမ်ခြေပေါင်း(၁၅)အိမ်ရှိသောရွာကလေးတစ်ရွာဖြစ်ပေါ်လာပါသည်။ ၎င်းရွာသည် တဖြည်းဖြည်း များပြားလာကာ ယနေ့ထိ အိမ်ခြေပေါင်း(၇၀)ကျော် နေထိုင်ကြသော ပေါက်သတော (ပအောာတော)ရွာအဖြစ်တည်ရှိလာပါသည်။

**ကျေးရွာတည်နေရာအကျယ်အဝန်း**

ပေါက်သတောကျေးရွာသည် ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်အတွင်းတည်ရှိပြီး ကျောက်ကြီးမြို့နယ်နှင့်(၈)မိုင်ခန့်အကွာတွင်တည်ရှိသည်။ရွာ၏အရှေ့ဘက် (၄)ဖာလုံအကွာတွင် ကျောက်ကြီးချောင်းရှိပြီးတစ်မိုင်ခန့်အကွာတွင် ကျောက်ကြီးရွှေကျင် ကားလမ်းမကြီး ရှိပါသည်။ ရွာ၏အနောက်ဘက်တွင် လယ်ကွင်းများရှိပြီး တစ်ဖာလုံခန့်အကွာတွင် ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းရှိပါသည်။ ရွာ၏မြောက်ဘက်တွင် ပေါက်သတောအင်းရှိပြီး ရွာ၏တောင်ဘက်တွင် ပေါက်သတောကျွန်း၊ထိပ်ပေါက်ကျွန်း၊ကျောက်တန်းကျွန်းများရှိပါသည်။ရွာ၏အကျယ်အဝန်းမှာ (၈ဧကေ)ခန့်ရှိပြီး (၀)ပုံသဏ္ဍာန်ရှိပါသည်။

**အသက်မွေးလုပ်ကိုင်စားသောက်ပုံ**

ပေါက်သတောကျေးရွာတွင် နေထိုင်ကြသောသူများသည် အများအားဖြင့် မိရိုးဖလာ လုပ်ငန်းဖြစ်သော လယ်ယာလုပ်ငန်း၊ သားငါးရှာဖွေခြင်းလုပ်ငန်း၊ ကျွဲ၊ နွားမွေးမြူခြင်း၊ တောင်ပေါ် ထွက်သီးနှံများရှာဖွေရောင်းချခြင်းဖြင့် မိသားစုစားဝတ်နေရေးအတွက် လုပ်ကိုင် စားသောက် ကြသည်။

**ကျေးရွာ၏ပညာရေးအခြေအနေ**

၁၉၆၈ခုနှစ်မှ၁၉၇၅ခုနှစ်အတွင်း ရွာရှိဘုန်းတော်ကြီးကျောင်းနှင့် ခရစ်ယာန် သာသနာပြု ကျောင်း၌ သာပညာဆည်းပူးလေ့လာနိုင်သည်။ ၁၉၇၅ခုနှစ်မှ ၁၉၈၅ခုနှစ်အတွင်း အစိုးရမူလတန်းကျောင်း ဖွင့်လှစ်သင်ကြားနိုင်ပြီး ၁၉၈၅ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း တွဲဖက်အလယ်တန်းကျောင်းကို သတ္တမတန်းအထိ ပညာသင်ကြားနိုင်ခဲ့သည်။ ၁၉၈၈ခုနှစ်အရေးအခင်းတွင် ကျောင်းများပိတ်ခဲ့ရပြီး ၁၉၉၀ခုနှစ်တွင် ဒေသမတည်ငြိမ်မှုကြောင့် တွဲဖက်အလယ်တန်းကို ဖြုတ်ခဲ့ရပြီး လက်ရှိအစိုးရ မူလတန်းကျောင်း၌သာ ပညာသင်ယူခွင့်ရရှိခဲ့သည်။

ဒေသခံကလေးသူငယ်များသည် အလယ်တန်း၊ အထက်တန်းအဆင့်သို့ တက်ရောက်ရန် ရွာနှင့် အလှမ်းကွာဝေးသဖြင့်တချို့မှာ လေးတန်းအထိသာပညာသင်ခွင့်ရရှိကြပြီး မိမိရိုးရာလုပ်ငန်းများကို မိဘနှင့်အတူဝင်ရောက်လုပ်ကိုင်ခဲ့ကြရသည်။

ယနေ့ပညာရေးမှာ အနီးပတ်ဝန်းကျင်ရွာမှ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် ဖွင့်လှစ်ထားသဖြင့် ယခင်နှင့်စာလျှင် ပညာတတ်များပေါ်များလာသည်ကိုသိရှိရပါသည်။

**ကျေးရွာ၏ကျန်းမာရေးအခြေအနေ**

ယခင်က ပေါက်သတောကျေးရွာတွင် ကျန်းမာရေးအတွေ့အကြုံနှင့် ဆေးကုသခံယူမှုအလွန်အားနည်းသဖြင့် အသက်ပေါင်းများစွာ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရသည်ကို တွေ့ရှိခံစားရပါသည်။ သွားလာရေးခက်ခဲမှုကြောင့်ဖြစ်စေ၊ ဆေးရုံဆေးခန်းများအလွန်ဝေးလံနေသည်ကတစ်ကြောင်း၊ဆေးကုသနိုင်မှုမရှိပေ။ယခုအခါ လမ်းပန်းဆက်သွယ်မှုလည်း အသင့်အတင့်ကောင်းလာခြင်း၊ရောဂါကာကွယ်ဆေးများမကြာမကြာလာရောက်ထိုးပေးခြင်း၊ကျန်းမာရေးအသိ ပညာများလာရောက်ပေးခြင်းများကြောင့်ကျန်းမာရေးအသိမြင့်မားလာသည်ကိုတွေ့ရှိခံစားရပါသည်။

**ကျေးရွာ၏ရင်ဆိုင်ဖြတ်သန်းလာရသောအတွေ့အကြုံ**

ပေါက်သတောကျေးရွာသည် တိုင်းပြည်မငြိမ်သက်မှုကြောင့် ၁၉၅၇ခုနှစ်တွင် ပတ္တလားကျေးရွာသို့ ပြောင်းရွှေ့ခံရပြီး ၁၉၅၈ခုနှစ်တွင် ကျွဲတလင်းကျေးရွာသို့ ပြောင်းရွှေ့ ခံခဲ့ရသည်။ ကျွဲတလင်းကျေးရွာတွင် ယာယီနေထိုင်ရပြီးထိုနှစ်အတွင်း မိမိရွာသို့ ပြန်လာ နေထိုင်ခွင့်ရခဲ့ကြသည်။ တစ်ဖန်၂၀၀၆ခုနှစ်ဧပြီလ(၁၈)ရက်နေ့တွင် ထိုက်ထူစုစည်းဒေသသို့ ပြောင်းရွှေ့ခံရပြီး ၂၀၀၈ခုနှစ် ဒီဇင်ဘာလ(၂၃)ရက်နေ့တွင် အုတ်မြေဒူးရွာတွင်စုစည်းပြီး ပြောင်းရွှေ့ နေထိုင်လာကြကာ၂၀၀၉ခုနှစ်ဧပြီလမှစ၍ ယခုအထိ မိမိတို့ရွာ၌ပြန်လည် နေထိုင်ကြပါသည်။

# လူမှုဆန်းစစ်ခြင်းအနှစ်ချုပ်

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ | ၁၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၁၁ | ၃၇ | ၄၈ | အိမ်အမျိုးအစား၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊ရေတွင်း၊ရေကန်၊သစ်တောများကိုမှတ်သားပြီးအသုံးပြုနိုင်မှုပြဿနာအခက်အခဲများကိုဆန်းစစ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၁၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၁၁ | ၃၇ | ၄၈ | ရာသီဥတု၊စိုက်ပျိုးသီးနှံများလယ်ယာလုပ်ငန်းများ၊နေ့စားကျပန်းလုပ်ငန်းများ၊ပွဲတော်များ |
| ၃ | ဉစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၁၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၁၁ | ၃၇ | ၄၈ | ကျေးရွာလူမှုစီးပွားအုပ်စုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်းကျေးရွာလူထုနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ကျား/မ ရေးရာပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၁၁ | ၃၇ | ၄၈ | အရင်းအမြစ်များစာရင်းပြုစုခြင်းအရင်းအမြစ်များကိုကျား/မပိုင်ဆိုင်မှု၊ထိန်းချုပ်မှု၊အသုံးပြုနိုင်မှုကိုဆန်းစစ်လေ့လာခြင်း |

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှုလေ့လာခြင်း | ၁၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၁၁ | ၃၇ | ၄၈ | ကျေးရွာဖွံ့ဖြိုးရေးအတွက်ရွာတွင်းရွာပြင်အဖွဲ့အစည်းအသီးသီးနှင့်မည်သို့ချိတ်ဆက် လုပ်ဆောင်ကြ သည်ကိုလေ့လာဆန်းစစ်ခြင်း |
| ၆ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၁၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၁၁ | ၃၇ | ၄၈ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု/မရရှိမှုနှင့်ကွာဟချက်ကိုဆန်းစစ်ခြင်း |
| ၇ | ကျေးရွာ၏(၄) နှစ်စာဦးစားပေးအစီအစဉ် | ၁၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၁၁ | ၃၇ | ၄၈ | အကျိုးခံစားခွင့်၊အကျိုးပြုသူဦးရေအဓိကလိုအပ်ချက်အအပေါ် မူတည်၍စီမံကိန်းရေးဆွဲခြင်း |

# ပေါက်သတောကျေးရွာအရင်းအမြစ်ပြမြေပုံ



**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ပတ္တလားအုပ်စု၊ပေါက်သတောကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံသုံးသပ်ချက်**

**နေ့စွဲ - ၁၃/၁၂/၂၀၁၇**

**နေရာ-ပေါက်သတောကျေးရွာဘုရားရှိခိုးကျောင်း**

ပေါက်သတောကျေးရွာသည် ကျောက်ကြီးမြို့၏ တောင်ဘက်တွင် တည်ရှိပါသည်။ ပေါက်သတောကျေးရွာတွင် အိမ်ခြေ(၇၉)အိမ်ရှိပြီး (၆၅)အိမ်မှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး (၁၄)အိမ်မှာ ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသည်။ လူဦးရေစုစုပေါင်း (၄၃၆)ဦးရှိပြီး အမျိုးသား (၂၃၃)ဦးနှင့် အမျိုးသမီး(၂၀၃)ဦးရှိပါသည်။ ပေါက်သတောကျေးရွာတွင် ကရင်လူမျိုးအများစု နေထိုင်ကြပြီး ကရင်နှင့်ဗမာပေါင်းထားသည့် လူမျိုးရော(၄)အိမ်ရှိပါသည်။

<u>သောက်သုံးရေ</u>

ပေါက်သတောကျေးရွာတွင် သောက်သုံးရေအတွက် လက်နှိပ်တွင်းများ ၊ရေတွင်းများရှိသော်လည်း သောက်သုံးရေသန့်ရရှိသည့် တုံကင်အရေအတွက်နည်းပါးပါသည်။

<u>လမ်းနှင့်တံတားဆက်သွယ်ရေး</u>

ပေါက်သတောကျေးရွာ၏ ရွာတွင်းလမ်းမှာ ကွန်ကရစ်လမ်းအမျိုးအစားဖြစ်ပါသည်။ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းတွင် ပေါက်သတောကျေးရွာ၏ ရွာတွင်းလမ်းအား ကွန်ကရစ်လမ်းအဖြစ်ပြုလုပ်ပြီး ရေပြွန်များအားစနစ်တကျပြုလုပ်ထားသည့်အတွက် ရွာတွင်းလမ်းမှာအဆင်ပြေချောမွေ့ပါသည်။ ပေါက်သတောကျေးရွာမှထိပ်ပေါက်ကျေးရွာဘုန်းကြီးကျောင်းထိရွာချင်းဆက်လမ်းအား လွှတ်တော်ရံပုံငွေသိန်းငါးဆယ်ဖြင့် ဂဝံလမ်းအား ဆောင်ရွက်ခဲ့သည့်အတွက် မိုးရာသီတွင် သွားလာရ အဆင်ပြေသွားပါသည်။ ကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသောလမ်းများမှာ ဂဝံလမ်းများဖြစ်သော်လည်း လက်ရှိလမ်းများမှာ ကျဉ်းမြောင်းပါသည်။ နွေရာသီတွင် သွားရေးလာရေး အဆင်ပြေပြီး မိုးရာသီတွင် ကျေးရွာချင်းဆက်လမ်းများ ပျက်စီးသောကြောင့် မြို့သို့သွားရန်နှင့် ကျေးရွာအုပ်စုသို့သွားရန် အခက်အခဲရှိပါသည်။

ပညာရေး

ပေါက်သတောကျေးရွာတွင် စာသင်ကျောင်းမရှိပါ။ ပေါက်သတောကျေးရွာမှ ကျောင်းသူကျောင်းသားများသည် အနီးအနားရှိ ထိပ်ပေါက်ကျေးရွာ စာသင်ကျောင်းသို့ သွားတက်ကြ

ရပါသည်။ ယင်းစာသင်ကျောင်းတွင် နှစ်ရွာပေါင်းမှ ကျောင်းသူကျောင်းသားများ လုံလောက်ရန် အတွက်၂၀၁၇ခုနှစ်ဘတ်ဂျက်တွင် ပညာရေးဌာနမှ စာသင်ကျောင်း ဆောင်သစ်တစ်လုံးအား ထပ်မံရရှိခဲ့ပါသည်။ မိမိတို့ကျေးရွာအနီးတွင် ရှိသောကြောင့် ပညာရေးအတွက် အခက်အခဲမရှိပါ။

<u>ကျန်းမာရေး</u>

ပေါက်သတောကျေးရွာတွင် နေထိုင်သော ကျန်းမာရေးဆရာမ မရှိပါ။ တစ်အုပ်စုလုံး အတွက် သားဖွားဆရာမ တစ်ယောက်သာရှိသောကြောင့် ကျန်းမာရေးမကောင်းသည့်အခါ အုပ်စု ဆေးခန်း သို့လည်းကောင်း၊ မြို့ပေါ်ဆေးခန်းသို့လည်းကောင်း သွားရောက်ကုသကြရပါသည်။

<u>စီးပွားရေး</u>

ပေါက်သတောကျေးရွာတွင် နေထိုင်သူအများစုမှာ လယ်၊ ကိုင်းလုပ်ငန်းများကို လုပ်ကိုင် ကြပါသည်။ ငါးရှာခြင်း၊ဈေးရောင်းခြင်းတို့ကိုလည်းလုပ်ကိုင်ကြပါသည်။ အချို့အိမ်ထောင်စုဝင်များ သည် ကိုယ်ပိုင်လယ်၊ကိုင်းများ မရှိသဖြင့် ကြုံရာကျဘမ်း အလုပ်များကိုသာ လုပ်ကိုင်ကြပါသည်။


<u>အနှစ်ချုပ်</u>

ပေါက်သတောကျေးရွာတွင် ရွာတွင်းလမ်းကောင်းမွန်သော်လည်း ကျေးရွာချင်းဆက်လမ်း များ ကျဉ်းမြောင်းပြီး မိုးရာသီတွင် ဗွက်ထသောကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့အတွက် အနည်းငယ် နှောင့်နှေးမှုရှိပါသည်။ အလုပ်အကိုင်ရှားပါးသည့် အချိန်များတွင် လူထုဗဟိုပြုစီမံကိန်းမှ ရွာပြင်လမ်းများအား ပြုပြင်ပေးခြင်းအားဖြင့် ကျေးရွာလူထုအနေဖြင့်လည်း ဝင်ငွေများ ရရှိလာနိုင်ပါသည်။

ဦးဆောင်ဆွေးနွေးသူ-ဒေါ်ယဉ်မင်းသူ၊ဒေါ်ယုယအောင်

ပါဝင်ဆွေးနွေးသူ-ကျေးရွာသူ၊ကျေးရွာသားများ

# ဥစ္စာဓနခွဲခြမ်းစိတ်ဖြာခြင်း



လူမှုရေးအခြေပြဇယား

ပေါက်သတောကျေးရွာ ၁၃.၁၂.၂၀၁၇

| အကြောင်းအရာ | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စုအရေးအတွက် | ရာခိုင်နှုန်း % |
|---|---|---|---|
| ချမ်းသာ | အုတ်တိုက်သွပ်မိုးအိမ်၊ လယ်၊ ကိုင်း၊ ဆိုင်ကယ်၊ လှည်း၊ နွား၊ ပျဉ်ကာ၊ ဒေါင်ဖန်း၊ ထွန်စက် | ၁၂ | ၁၅% |
| အလယ်အလတ် | လယ်၊ ကိုင်း၊ လှည်း၊ နွား၊ ဆိုင်ကယ်၊ ပျဉ်ထောင်သွပ်မိုးအိမ်၊ | ၁၃ | ၁၆% |
| နွမ်းပါး | ဆိုင်ကယ်၊ သက်ကယ်မိုးထရံကာ၊ စက်ဘီး | ၉ | ၁၁% |
| အနွမ်းပါးဆုံး | သက်ကယ်မိုး၊ ထရံကာ၊ စက်ဘီး၊ ဝက်၊ ဘဲ၊ ကြက်၊ လက်လုပ်လက်စား | ၄၄ | ၅၈% |
| စုစုပေါင်း | | ၇၈ | ၁၀၀% |

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ပတ္တလားအုပ်စု၊ ပေါက်သတောကျေးရွာ၏ ဥစ္စာနေ ခွဲခြမ်းစိတ်ဖြာမှု သုံးသပ်ချက်**

**နေ့စွဲ - ၁၃/၁၂/၂၀၁၇**

**နေရာ-ပေါက်သတောကျေးရွာဘုရားရှိခိုးကျောင်း**

ပေါက်သတောကျေးရွာတွင် စပါးနှင့်ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုးကြသောကြောင့် အများအားဖြင့် လယ်နှင့်ကိုင်းများ ရှိကြပါသည်။ မိုးတွင်းကာလ၌ လယ်၊ယာများတွင် စပါးစိုက်ပျိုးခြင်း၊ ပဲစိုက်ပျိုးခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ပေါက်သတောကျေးရွာ၏ အဆင်ပြေသောမိသားစုတို့သည် အုတ်ခံသွပ်မိုး၊ ပျဉ်ထောင်အိမ်၊ လယ်၊ နွား၊ ဆိုင်ကယ်၊ ထွန်စက် (အသေး)၊ဖောကားများ ပိုင်ဆိုင်ကြပြီး တစ်ရွာလုံး၏ (၁၅%)ခန့်ရှိသည်။ အလယ်အလတ် မိသားစုများတွင် လယ်အနည်းငယ်၊ ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ဂက်၊ ဘဲ၊ ကြက်များ ပိုင်ဆိုင်ကြပြီး တစ်ရွာလုံး၏ (၁၆%)ခန့်ရှိကြသည်။ နွမ်းပါးသော မိသားစုများသည် သက်ကယ်မိုး ထရံကာအိမ်၊ ဆိုင်ကယ်၊ ဆိုလာနှင့် အိမ်မွေးတိရိစ္ဆာန်များ ပိုင်ဆိုင်ကြပြီး အင်းများတွင် ငါးရှာခြင်း၊ ဂျပ်ခုတ်ခြင်း၊ စျေးရောင်းခြင်းများလုပ်ကိုင်ကြသော အိမ်ခြေမှာ (၁၁%)ခန့်ရှိကြပါသည်။ လက်လုပ် လက်စား ကျဘမ်းအလုပ်များ လုပ်ကိုင်ကြသော အနွမ်းပါးဆုံးမိသားစုတို့မှာ (၅၈%)ခန့်ရှိပါသည်။


ပြဿနာအနှစ်ချုပ်

ပေါက်သတောကျေးရွာသည် လယ်ယာစိုက်ပျိုးခြင်းကို အဓိကထား၍ လုပ်ကိုင်ကြပြီး လက်လုပ်လက်စားပေါ်များပါသည်။ မိမိတို့ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား ရွာလူထုလုပ်အား ဖြင့်လုပ်ဆောင်ကြလျှင် ကျဘမ်းအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ပါသည်။


ဦးဆောင်ဆွေးနွေးသူ-ဒေါ်ယဉ်မင်းသူ၊ဒေါ်ယုယအောင်

ပါဝင်ဆွေးနွေးသူ-ကျေးရွာသူ၊ကျေးရွာသားများ

## ကျား-မရေးရာ အရင်းအမြစ်ပိုင်ဆိုင်မှု/အသုံးပြုမှု



## ကျား-မရေးရာ အရင်းအမြစ်ထိန်းချုပ်မှု/ဆုံးဖြတ်ချက်ချမှု



**ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ် ၊ ပတ္တလားအုပ်စု၊ ပေါက်သတောကျေးရွာ၏ အရင်းအမြစ် အသုံးချမှု၊ ထိန်းချုပ်မှုသုံးသပ်ချက်**

**နေ့စွဲ - ၁၃/၁၂/၂၀၁၇**

**နေရာ-ပေါက်သတောကျေးရွာဘုရားရှိခိုးကျောင်း**

ပေါက်သတောကျေးရွာ၏အရင်းအမြစ်အသုံးချမှု၊ခွဲခြမ်းစိတ်ဖြာမှုသုံးသပ်ချက်ကိုအမျိုးသားနှင့်အမျိုးသမီးများပူးပေါင်းဆွေးနွေးခဲ့ကြပါသည်။

ပေါက်သတောကျေးရွာတွင် အရင်းအမြစ်များအဖြစ် အိမ်၊ လှည်း၊ နွား၊ လယ်၊ ကိုင်း၊ အင်း၊ အိုင်၊ လယ်ထွန်စက်၊ ဆန်စက်၊ ဆိုင်ကယ်၊ ကြက် ၊ဝက် ၊ခြံမြေတို့အား ပိုင်ဆိုင်ကြပါသည်။ ထိုအရင်း အမြစ်နှင့်ပတ်သက်၍ လယ်ထွန်စက်၊ ဆန်စက်စသည့်စက်နှင့်ပတ်သက်သည့် ပစ္စည်းများအား အမျိုးသားများက အသုံးပြုကြပြီး ကြက်၊ ဝက်၊ လယ်၊ ကိုင်း၊ အင်း၊ အိုင်၊ ဆိုင်ကယ်၊ လှည်းတို့အား အမျိုးသားများနှင့် အမျိုးသမီးများက အသုံးပြုကြပါသည်။ အရင်းအမြစ်များအား ထိန်းချုပ်ရာတွင် စက်ပစ္စည်းများအား အမျိုးသားများက အများဆုံး အသုံးပြုကြပြီး အမျိုးသားများကသာ ထိန်းချုပ်ကြပါသည်။ အိမ်မှုကိစ္စများအား အမျိုးသမီးများက ပိုမိုလုပ်ကိုင်ကြသည့်အတွက် အိမ်နှင့်ပါတ်၍ အမျိုးသမီးများက ထိန်းချုပ်မှု ပိုမိုပြုလုပ်ကြပါသည်။ ကျန်ပစ္စည်းများအား အမျိုးသားနှင့် အမျိုးသမီးတို့ တိုင်ပင်ညှိနှိုင်းပြီး ထိန်းချုပ်မှုများ ပြုလုပ်ကြပါသည်။

ဦးဆောင်ဆွေးနွေးသူ-ဒေါ်ယဉ်မင်းသူ၊ဒေါ်ယုယအောင်

ပါဝင်ဆွေးနွေးသူ-ကျေးရွာသူ၊ကျေးရွာသားများ

# ရာသီခွင်ပြ ပြက္ခဒိန်



ရာသီခွင်ပြ ပြက္ခဒိန်

၁၃-၁၂-၂၀၁၇

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| လယ် | | I | II | III | III | II | | II | III | II | | |
| ကိုင်း | | | | | | | II | III | III | II | | |
| ထင်းခွေ | III | | | | | | | | | | II | III |
| ငါးရှာ | I | I | II | II | II | III | | | | | | |
| မိုးများချိန် | | | II | III | III | III | II | | | | | |
| ဝင်ငွေနည်းချိန် | I | I | I | II | III | III | | | | | | |
| အလုပ်များချိန် | III | III | II | I | | | | | | | | |
| ပွဲတော်ချိန် | III | II | | III | | III | | | | | | |
| ကျန်းမာရေးညံ့ချိန် | I | I | I | II | II | III | I | I | I | II | [illegible] | I |

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ပတ္တလားအုပ်စု၊ ပေါက်သတောကျေးရွာ၏ရာသီခွင်ပြပြက္ခဒိန် သုံးသပ်ချက်**

**နေ့စွဲ - ၁၃/၁၂/၂၀၁၇**


**နေရာ-ပေါက်သတောကျေးရွာဘုရားရှိခိုးကျောင်း**

ပေါက်သတောကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းများမှာ လယ်၊ ကိုင်း၊ အင်းနှင့် ကျဘမ်း လုပ်ငန်းများဖြစ်ပါသည်။ နယုန်လ၊ ဝါဆိုလနှင့် ဝါခေါင်လတွင် စပါးပျိုးကြဲခြင်းနှင့် မိုးပဲများ စိုက်ပျိုးခြင်းလုပ်ငန်းကို လုပ်ကိုင်ပြီး သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလတွင် သီးနှံများ ရိတ်သိမ်းကြပါသည်။ အင်းလုပ်ငန်းအား တန်ခူးလမှတော်သလင်းလအထိအနည်းငယ်လုပ်ကိုင်ကြပါသည်။ ငါးရှာခြင်းအား သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ လများတွင်လည်း လုပ်ကိုင်ကြပါသည်။ ဘာသာရေးပွဲတော်အနေဖြင့် တန်ခူးလတွင်သင်္ကြန်ပွဲ၊ တော်သလင်းလတွင် ရှင်ဥပကုတ္တမီးမျှောပူဇော်ပွဲ၊ ဝါဆို၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ဘာသာရေးပွဲများ ပြုလုပ်ကျင်းပကြသည်။ နယုန်လတွင်မူ နေပူတလှည့် မိုးရွာတလှည့်ရှိသည်။ ဝါဆိုနှင့် ဝါခေါင်လ၊တော်သလင်းလများတွင်မူ မိုးသည်းထန်စွာ ရွာသွန်းတတ်သည်။ တန်ဆောင်မုန်းလမှ ကဆုန်လထိနေပူ၍ရာသီဥတုသာယာပါသည်။ ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူးနှင့် ကဆုန်လများတွင် ကျေးရွာသူကျေးရွာသားများ အလုပ်အကိုင်နည်းပါးပြီး ထိုလများတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်မည်ဆိုလျှင် ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာမည်ဖြစ်သည်။

ဦးဆောင်ဆွေးနွေးသူ- ဒေါ်ယဉ်မင်းသူ၊ဒေါ်ယုယအောင်

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူကျေးရွာသားများ

# ပင့်ကူအိမ်ပုံစံ




ဦးဆောင်ဆွေးနွေးသူ-ဒေါ်ယဉ်မင်းသူ၊ဒေါ်ယုယအောင်

ပါဝင်ဆွေးနွေးသူ-ကျေးရွာသူ၊ကျေးရွာသားများ

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ပဋ္ဌလားအုပ်စု၊ ပေါက်သတောကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်**

**နေ့စွဲ - ၁၃/၁၂/၂၀၁၇**

**နေရာ-ပေါက်သတောကျေးရွာဘုရားရှိခိုးကျောင်း**

ပေါက်သတောကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ရာတွင် ခေါင်းစဉ်(၈)ခုဖြင့် ဆွေးနွေးခဲ့ပါသည်။(၁) ပညာရေး၊ (၂)ဝင်ငွေရရှိမှု၊ (၃)အိမ်မှုကိစ္စ၊ (၄)အစည်းအဝေးများတွင်ပါဝင်မှု၊ (၅) ကျန်းမာရေး၊ (၆) ဦးဆောင်နိုင်မှု၊ (၇)လူမှုရေး ၊ (၈)ဂင်ငွေရရှိမှု တို့ဖြစ်ပါသည်။

ပေါက်သတောကျေးရွာ၏ အမျိုးသားနှင့်အမျိုးသမီး ပညာရေးအခြေအနေသုံးသပ်ချက်မှာ အမျိုးသားများသည်(၅၀%)ရရှိပြီး အမျိုးသမီးများသည်(၅၀%)ရရှိသည်။ ပေါက်သတောကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးတို့သည် ပညာသင်ကြားခွင့် တန်းတူရရှိကြသည်။ ဝင်ငွေရရှိမှု အခြေအနေသုံးသပ်ချက်တွင် အမျိုးသားများက (၇၀%)ရရှိပြီး အမျိုးသမီးများသည် (၃၀%)ရရှိသည်။ အမျိုးသားများသည် အမျိုးသမီးများထက် ဝင်ငွေရလုပ်ငန်းများ ပိုမို လုပ်ကိုင်ကြ သောကြောင့် ဖြစ်သည်။ လူမှုရေးကိစ္စရပ်များတွင် အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူပါဝင်ကြသည်။ ဦးဆောင်နိုင်မှုအခြေအနေ သုံးသပ်ချက်တွင် အမျိုးသား ၈၀%ရရှိပြီး အမျိုးသမီးများသည် ၄၀%ရှိသည်။ အမျိုးသားများသည် အမျိုးသမီးများထက် ဦးဆောင်မှုကဏ္ဍကို ပိုမိုလုပ်ဆောင်ကြခြင်းမှာ အမျိုးသမီးများကိုယ်တိုင်မှ အမျိုးသားများအား ဦးဆောင် နိုင်သူများဟု သတ်မှတ်ထားကြခြင်း၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအားနည်းကြခြင်း အကြောင်းများကြောင့်ဖြစ်သည်။ အိမ်မှုကိစ္စအခြေအနေ သုံးသပ်ချက်တွင် အမျိုးသားများက ၄၀% အမျိုးသမီးများက ၈၀% ခန့်ရှိကြပါသည်။အမျိုးသမီးအများစုမှာ အိမ်မှုကိစ္စကို မိမိတို့တာဝန်ဟု သတ်မှတ်ထားကြခြင်း၊ အမျိုးသားများမှ ဝင်ငွေရလုပ်ငန်းများကို ပိုမိုလုပ်ကိုင်ကြခြင်းများကြောင့်ဖြစ်သည်။ အဖွဲ့အစည်းများတွင်ပါဝင်မှုတွင် အမျိုးသားများက (၆၀%)ခန့်နှင့် အမျိုးသမီးများက (၈၀%)ခန့် ပါဝင်ကြသည်။ သို့သော်လည်း ဆုံးဖြတ်ချက်ချမှုများအား အမျိုးသားများကသာ ပိုမိုလုပ်ဆောင်ကြပါသည်။ အသိပညာဗဟုသုတကြွယ်ဝမှုတွင် အမျိုးသားနှင့်အမျိုးသမီးများတန်းတူပညာသင် ကြားခွင့်ရရှိကြသည့်အတွက်ဗဟုသုတပိုင်းတွင်လည်းညီမျှမှုရှိပါသည်။ ကျန်းမာရေး လက်လှမ်းမီမှုတွင် အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိကြပါသည်။

ဦးဆောင်ဆွေးနွေးသူ-ဒေါ်ယဉ်မင်းသူ၊ဒေါ်ယုယအောင်

ပါဝင်ဆွေးနွေးသူ-ကျေးရွာသူ၊ကျေးရွာသားများ

# အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား




ဦးဆောင်ဆွေးနွေးသူ-ဒေါ်ယဉ်မင်းသူ၊ဒေါ်ယုယအောင်

ပါဝင်ဆွေးနွေးသူ-ကျေးရွာသူ၊ကျေးရွာသားများ

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ပတ္တလားအုပ်စု၊ပေါက်သတောကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်ပုံသုံးသပ်ချက်**

**နေ့စွဲ - ၁၃/၁၂/၂၀၁၇**

**နေရာ-ပေါက်သတောကျေးရွာဘုရားရှိခိုးကျောင်း**

ပေါက်သတောကျေးရွာတွင် ရှိသောအဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ CSSDDဖွံ့ဖြိုးရေးအဖွဲ့၊ အသင်းတော်အဖွဲ့၊ ဂေါပကအဖွဲ့၊ မွေးမြူရေးသမအဖွဲ့၊ အမျိုးသမီးလူမှုရေးအဖွဲ့၊ အမျိုးသားလူမှုရေးအဖွဲ့၊ ကျောင်းကော်မတီ၊ ရပ်မိရပ်ဖအဖွဲ့၊ လူထုဗဟိုပြု စီမံကိန်းကော်မတီတို့ဖြစ်ပါသည်။ ချိတ်ဆက်မှုရှိသော ကျေးရွာပြင်ပမှအဖွဲ့အစည်းများမှာ အုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲစခန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သမဦးစီးဌာန၊ CSSDDအဖွဲ့တို့ ဖြစ်ပါသည်။

ပေါက်သတောကျေးရွာ၏ အဖွဲ့အစည်းအားလုံးတို့သည် ကျေးရွာ၏လူမှုရေးကိစ္စများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ချိတ်ဆက်၍အတူတကွ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

ဦးဆောင်ဆွေးနွေးသူ-ဒေါ်ယဉ်မင်းသူ၊ဒေါ်ယုယအောင်

ပါဝင်ဆွေးနွေးသူ-ကျေးရွာသူ၊ကျေးရွာသားများ

# ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကျင်းပပြုလုပ်ပုံ



ရာသီခွင်ပြပြက္ခဒိန်အားရေးဆွဲနေပုံ



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နေပုံ



## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင်အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးလားမှယ် | 09-778723087 | ဒေါ်ယုယအောင် |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ပဒွတ်ဘား | ကျေးရွာ ပေါ်ကီးသာကော |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ကရင်--- | 75 | ဘာသာ (၁) ---ဗုဒ္ဓ------ | 65 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ခရစ်ယာန် | 14 |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ဗမာ+ကရင် | 4 | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 2 | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 14 | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ကရင်--- | 220 | 196 |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---ဗမာ--- | 4 | - |
| အခြား ဗမာ+ကရင် | 9 | 7 |
| အိမ်ထောင်ဦးစီး | 71 | 8 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း  (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | [မော်တော်ဆိုင်ကယ်လမ်း] |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ဂဂ်လမ်း |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--2015--/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /(မသိပါ)

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် 0.5 /မသိပါ
(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 00:15 min ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -------------------
မိုးရာသီတွင်ကြာချိန် 00: 20 min ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ရေကြီးခြင်း

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) CSSDD ကော်မတီ
(၂) ---------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။
☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးလှပွင့်
လက်မှတ် [signature] နေ့စွဲ 16. 10. 2017

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ယုယအောင်
လက်မှတ် [signature] နေ့စွဲ 16. 10. 2017

## ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | |
|---|---|---|---|---|---|---|
| ***လမ်းညွှန်ချက်။*** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] | | | | | | |
| နေ့စွဲ 16 / 10 / 2017 | | | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း ပဲခူး | | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု [illegible] | | ကျေးရွာ [illegible] | |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 16/10/2017 | 16/10/2017 | 15 | 42 | 57 | 7 ဗမာ<br>50 ကရင် |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 13/12/2017 | 13/12/2017 | 19 | 43 | 62 | 5 ဗမာ<br>57 ကရင် |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 19/12/17 | 19/12/17 | 24 | 20 | 44 | 1 ဗမာ<br>43 ကရင် |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ယုယုအောင် | | | |
| နေ့စွဲ 13/12/2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ () □ စက်ဝန်း(၁) □ စက်ဝန်း(၂) □✓ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု မတ္တယား | ကျေးရွာ ပေါက်သတော |

၁။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မိုးရာသီတွင်ရွာချင်းဆက်လမ်းများ ပျက်စီးပြီး သွားလာရခက်ခဲခြင်း | ၁ | စာသင်ကျောင်းဆောင်၊ အမိုး၊ အကာ၊ အခင်းများ ပျက်စီးနေခြင်း |
| ၂ | စာသင်ကျောင်းဆောင်ပျက်စီးဟောင်းနွမ်းပြီး ကလေးများအတွက်အန္တရာယ်ရှိခြင်း | ၂ | ရွာချင်းဆက်များ မကောင်းခြင်းကြောင့် မိုးရာသီတွင်သွားလာရခက်ခဲခြင်း |
| ၃ | ရေကောင်းရေသန့် အနည်းငယ်သာရှိပြီး လက်လှမ်းမီသော်လည်း မပြည့်စုံခြင်း | ၃ | သန့်ရှင်းသောရေမလုံလောက်သောကြောင့် ကျန်းမာရေး ထိခိုက်ခြင်း |
| ၄ | စိုက်ပျိုးသီးနှံများ မကောင်းခြင်းကြောင့် စီးပွားရေးမပြေလည်ခြင်း | ၄ | လျှပ်စစ်မီး မရှိသောကြောင့် လူနေမှုအဆင့်အတန်း နိမ့်ကျခြင်း၊ ပညာရေး |
| ၅ | ဘက်စုံသုံးခန်းမဆောင် မရှိခြင်းကြောင့် ကျေးရွာ အစည်းအဝေးပွဲများနှင့် ဘာသာရေးဆိုင်ရာ ကိစ္စများအတွက် နေရာ ခက်ခဲခြင်း | ၅ | နှောင့်နှေးခြင်း။ |

၂။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာချင်းဆက်လမ်းများ ကောင်းမွန်ပြီး အစစအရာရာ ဖွံ့ဖြိုးတိုးတက်ချင်ပါသည်။ | ၁ | ကောင်းမွန်သောစာသင်ဆောင် ရရှိပြီး ကလေးများပညာရေးတိုးတက်ကောင်းမွန်စေချင် |
| ၂ | စိုက်ပျိုးသီးနှံများကောင်းမွန်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်ချင်ပါသည်။ | ၂ | လမ်းပန်းဆက်သွယ်ရေးများတိုးတက် ကောင်းမွန်လာကာ စီးပွားရေး၊ လူမှုရေး၊ |

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၃ | ကောင်းမွန်လုံလောက်သော စာသင်ကျောင်းဆောင် ရရှိပြီး ကလေး | ၃ | ပညာရေး များ တိုးတက်ကောင်းမွန် စေချင်ပါသည်။ |
| ၄ | များပညာရေး ဖွံ့ဖြိုးတိုးတက် စေချင်ပါသည်။ | ၄ | သန့်ရှင်းသောရေ များ လုံလောက်စွာ ရရှိပြီး ဖွံ့ဖြိုးတိုးတက်လာရမည်။ |
| ၅ | ရေကောင်း ရေသန့် များ လုံလောက်စွာ ရရှိကာ ကျန်းမာရေး ကောင်းမွန်ပြီး တစ်ရွာလုံး ဖွံ့ဖြိုးတိုးတက်လာရမည်။ | ၅ | လျှပ်စစ်မီး ရရှိပြီး လူနေမှု အဆင့်အတန်း မြင့်မားလာကာ ဖွံ့ဖြိုးတိုးတက်လာရမည်။ |
| ၆ | | ၆ | |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာချင်းဆက်လမ်း ပြုပြင်ခြင်း | ကျား+မ | | |
| ~~၂~~ ၃ | စာသင်ကျောင်းဆောင် ပြုပြင်ခြင်း | ကျား+မ | 8500000 | |
| ~~၃~~ ၂ | ကျေးရွာအတွက် စုသုံးခန်းမ ဆောက် | ကျား | 14400000 | |
| ၄ | စက်ရေတွင်း နှင့် ရေလှောင် ကန် | ကျား+မ | 4500000 | |
| ၅ | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး နှင့် ပညာရေး | ကျား | |
| ၂ | [illegible] | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] ---------- လက်မှတ် ---------- နေ့စွဲ 13/12/2017

# ပုံစံ - ၁ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | |
|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ယက္ကဘာဝ |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ပေါက်သာတော | ရွာချင်းဆက်မြေသားကျင်း လမ်းဝင်ပင်း ပြုပြင်ခြင်း | 2500'x10'x6" / 2500'x10'x6" | | ☐ ကျား ☐ မ ☑ ကျား+ မ | 11,378,870 | | - | - | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | - | - | |
| ဒုတ်စခြေနူး | ရွာချင်းဆက်မြေသားကျင်း ဝင်ပင်း ပြုပြင်ခြင်း | 2500'x10'x6" / 2500'x10'x6" | | ☐ ကျား ☐ မ ☑ ကျား+ မ | 11,378,870 | | - | - | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | - | - | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | - | - | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးသားလယ်ကူး လက်မှတ် [signature] ရက်စွဲ 19.12.2017

၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ (၁၃)ရက်နေ့၊ နံနက် (၉း၀၀) နာရီတွင် ကျောက်ကြီးမြို့နယ်၊ ပတ္တလားကျေးရွာအုပ်စု ပေါက်သတောကျေးရွာတွင် ကျင်းပပြုလုပ်သော လူထုဖယ်ိုပြုစီမံကိန်း တတိယစက်ဝန်း ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း။

အစည်းအဝေးတက်ရောက်သူများ

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဒေါ်ယဉ်မင်းသူ | လက်ထောက်နည်းပညာမှူး |
| ၂ | ဦးကောင်းမွန်ကျော် | လူထုစည်းရုံးရေးမှူး |
| ၃ | ဒေါ်ယုယအောင် | လူထုစည်းရုံးရေးမှူး |
| ၄ | ကျေးရွာလူထု | (PC – 12 ) |
| ၅ | စောသမူး | ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ |
| ၆ | နော်မူဆေဝါး | ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ |
| ၇ | စောလှအေး | ဝယ်ယူရေးဆပ်ကော်မတီဥက္ကဌ |
| ၈ | စောရွှေအေး | ဝယ်ယူရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၉ | နော်တာဆိ | ဝယ်ယူရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၁၀ | နော်လှကုန် | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၁၁ | စောတာမူး | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီဥက္ကဌ |
| ၁၂ | ဦးဖိုးချော | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဌ |
| ၁၃ | နော်ဒါးဖိုး | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဌ |
| ၁၄ | ဦးကျော်လှ | ဂေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၅ | ဒေါ်သေး | ဂေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၆ | နော်မိချို | စေတနာ့ဂန်ထမ်း |
| ၁၇ | စောရှမ်းမင်း | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၈ | ဦးမြင့်ဦး | ကျေးရွာငွေစာရင်းကိုင် |

## ရည်ရွယ်ချက်

လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းအတွက် စီမံကိန်းအကြောင်းပြန်လည်မိတ်ဆက်ခြင်း၊ အခက်အခဲနှင့်မျှော်မှန်းချက်များ၊ လုပ်ငန်းများရွေးချယ်ခြင်းနှင့် ကော်မတီများ ပြန်လည်အတည်ပြုခြင်း၊ ပြန်လည်ရွေးချယ်ခြင်း၊ တတိယနှစ်စက်ဝန်းအတွက် လုပ်ငန်းအတည်ပြုခြင်း ကိုရည်ရွယ်ပါသည်။

## ဆွေးနွေးချက်များ

၁။ ရှေးဦးစွာ ပေါက်သတောကျေးရွာ ရာအိမ်မှူးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထိုနောက်ဂန်ထမ်းများမှလည်း မိတ်ဆက်ခဲ့ကြပါသည်။

၂။ ဆက်လက်၍ လူထုစည်းရုံးရေးမှူး ဒေါ်ယုယအောင်မှ လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းမိတ်ဆက်၊ စီမံကိန်းစက်ဝန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

၃။ လက်ထောက်နည်းပညာမှူး ဒေါ်ယဉ်မင်းသူမှ အကျုံးဝင်၊ အကျုံးမဝင်သော လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြော ကြားခဲ့သည်။

၄။ ဆက်လက်၍ အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်းဖြစ်သော လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ၊ ဥစ္စာဓနခွဲခြမ်းစိတ်ဖြာခြင်း၊ ပိုင်ဆိုင်မှုကိုအသုံးပြုခြင်းနှင့် ပိုင်ဆိုင်မှုကိုထိန်းချုပ်ခြင်း၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယားများကို အသီးသီးပြုလုပ်ခဲ့ကြသည်။

၅။ ထိုနောက် အမျိုးသမီးအမျိုးသားများ နှစ်ဖွဲ့ခွဲ၍ အခက်အခဲပြဿနာနှင့် မျှော်မှန်းချက်များကို ဆွေးနွေးခဲ့ကြပြီး ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ခဲ့ကြသည်။

၆။ ကော်မတီများ ပြန်လည်အတည်ပြုခြင်းနှင့် ပြန်လည်ရွေးချယ်ခြင်းအစီအစဉ်ကို လူထုစည်းရုံးရေးမှူးမှဦးဆောင်၍ ကျေးရွာလူထုနှင့်အတူ ဆွေးနွေးခဲ့ကြပါသည်။ ထိုသို့ဆွေးနွေးရာတွင် ကျေးရွာလူထုမှ ဒုတိယနှစ်စီမံကိန်းတွင် လုပ်ဆောင်ခဲ့သော ကော်မတီများကို တတိယနှစ်တွင်လည်း ဆက်လက်လုပ်ဆောင်ရန် ဆွေးနွေးတင်ပြခဲ့ပါသည်။ ကော်မတီများကလည်း ကျေးရွာလူထုသဘောတူလျှင် ဆက်လက် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထိုနောက်လိုအပ်သော ကော်မတီဝင်များကို ကျေးရွာလူထုသဘောတူ ဆုံးဖြတ်ရွေးချယ်သည့်အတိုင်း ရွေးချယ်ခဲ့ကြပါသည်။

၈။ ထိုနောက်တတိယနှစ်စက်ဝန်းတွင် လုပ်ဆောင်မည့် လုပ်ငန်းများကို ဆွေးနွေးပြီး အများသဘောတူ ဆုံးဖြတ်ရွေးချယ်ခဲ့ ကြပါသည်။

**ဆုံးဖြတ်ချက်များ**

၉။

(က)

| စဉ် | ဆုံးဖြတ်ချက် | လုပ်ဆောင်ရန် |
|---|---|---|
| ၁ | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) | စောသမူး |
| ၂ | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) | နော်မူဆေဝါး |
| ၃ | (ဂယ်ယူရေးဆပ်ကော်မတီဥက္ကဌ) | စောလှအေး |
| ၄ | (ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဂင်) | စောရွှေအေး |
| ၅ | (ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဂင်) | နော်တာဆိ |
| ၆ | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဌ) | ဦးဖိုးချော |
| ၇ | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့ဝင်) | နော်ဒါးဖိုး |
| ၉ | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ ဥက္ကဌ) | စောတာမူး |
| ၁၀ | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ အဖွဲ့ဝင်) | နော်လှကုန် |
| ၁၂ | (ဂေဖန်အကြံပြုကိုယ်စားလှယ်) | ဦးကျော်လှ |
| ၁၃ | (ဂေဖန်အကြံပြုကိုယ်စားလှယ်) | ဒေါ်သေး |
| ၁၄ | (စေတနာ့ဂန်ထမ်း) | နော်မိချို |
| ၁၅ | (စေတနာ့ဂန်ထမ်း) | စောရှမ်းမင်း |
| ၁၆ | (ကျေးရွာငွေစာရင်းကိုင်) | ဦးမြင့်ဦး |

(ခ)

| စဉ် | ဦးစားပေးလုပ်ငန်း | အဆိုပြုသူ | အကျိုးခံစားခွင့်ရှိသူဦးရေ |
| --- | --- | --- | --- |
| ၁ | ရွာချင်းဆက်လမ်းပြုပြင်ခြင်း | ကျား+မ | ၄၃၆ |
| ၂ | စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း | ကျား+မ | ၄၃၆ |
| ၃ | ခန်းမဆောင်တည်ဆောက်ခြင်း | ကျား | ၄၃၆ |
| ၄ | စက်ရေတွင်းနှင့်ရေလှောင်ကန် | ကျား+မ | ၄၃၆ |
| ၅ | စိုက်ပျိုးရေးနည်းပညာပေး သင်တန်း | မ | ၄၃၆ |

အစည်းအဝေးကိုဆက်လက်ဆွေးနွေးရန်မရှိတော့သဖြင့်ညနေ(၅း၀၀) နာရီအချိန်တွင် ရုတ်သိမ်း ခဲ့ပါသည်။

# ကော်မတီဝင်စာရင်းများ

**ကျေးရွာ - ကြိမ်တောမြောင်** **အုပ်စု - ပတ္တလား**

| အမည် | ရာထူး | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|
| စောသမူး | ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ ဉက္ကဌ | ၀၉၇၇၃၆၁၁၃၀၉ | |
| နော်မူဆေဝါး | ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ ဉက္ကဌ | ၀၉၇၇၈၇၂၃၀၈၇ | |
| စောလှအေး | ဝယ်ယူရေးဆပ်ကော်မတီဉက္ကဌ | - | |
| စောရွှေအေး | ဝယ်ယူရေးဆပ်ကော်မတီ အဖွဲ့ဝင် | ၀၉၇၆၈၅၀၄၁၃၇ | |
| နော်တာဆိ | ဝယ်ယူရေးဆပ်ကော်မတီ အဖွဲ့ဝင် | - | |
| စောတာမူး | လည်ပတ်/ ထိန်းသိမ်းဆပ်ကော်မတီ ဉက္ကဌ | ၀၉၃၂၈၄၁၈၃၄ | |
| နော်လှကုန် | လည်ပတ်/ ထိန်းသိမ်းဆပ်ကော်မတီ အဖွဲ့ဝင် | - | |
| နော်ဒါးဖိုး | စောင့်ကြည့်/ကြီးကြပ်ဆပ်ကော်မတီ ဉက္ကဌ | ၀၉၇၇၀၉၆၂၂၇၃ | |
| ဦးဖိုးချော | စောင့်ကြည့်/ကြီးကြပ်ဆပ်ကော်မတီ အဖွဲ့ဝင် | - | |
| ဦးကျော်လှ | ဝေဖန်အကြံပြုကိုယ်စားလှယ် | - | |
| ဒေါ် သေး | ဝေဖန်အကြံပြုကိုယ်စားလှယ် | ၀၉၇၇၆၄၂၂၀၂၉ | |
| နော်မိချို | ကျေးရွာစေတနာ့ဝန်ထမ်း | ၀၉၇၇၈၇၂၃၀၈၇ | |
| စောရှမ်းမင်း | ကျေးရွာစေတနာ့ဝန်ထမ်း | ၀၉၇၈၅၂၂၇၃၂၉ | |
| ဦးမြင့်ဦး | ကျေးရွာငွေစာရင်းကိုင် | ၀၉၂၅၀၁၁၂၀၅၁ | |

## ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

## ပေါက်သတောကျေးရွာ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့သူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ရွာချင်းဆက်လမ်းပြုပြင်ခြင်း | ကျားမ | ၂၀၁၈ | ကော်မတီဝင် ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း | ကျားမ | - | ကန်ထရိုက် | ပညာရေးဌာန |
| | ၃ | ခန်းမဆောင်တည်ဆောက်ခြင်း | ကျား | - | ကန်ထရိုက် | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | စက်ရေတွင်းနှင့်ရေလှောင်ကန် | ကျားမ | - | ကန်ထရိုက် | လူထုဗဟိုပြုစီမံကိန်း |
| အသက်မွေးဝမ်းကျောင်း | ၅ | စိုက်ပျိုးရေးနည်းပညာပေး သင်တန်း | ကျားမ | - | ကျေးရွာလူထု | မြို့နယ်စိုက်ပျိုး ရေးဌာန |